မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

December 3 , 2025 Volume 97 , Number 3

## လယ်ယာထွက်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်ပနိုင်ငံများတွင် စီးပွားရေးသံမှူးများ ခန့်အပ်ဆောင်ရွက်လျက်ရှိ




မြန်မာ့လယ်ယာထွက်ကုန်များ ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး ဈေးကွက် ရှာဖွေနိုင်ရေးနှင့် အမယ်သစ်ပို့ကုန်များ တင်ပို့နိုင်ရေးအတွက် ပြည်ပနိုင်ငံများတွင် စီးပွားရေးသံမှူးများ ခန့်အပ်ဆောက်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေကပြောသည်။

ယမန်နေ့ မနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ ဆန်စက်၌ မြို့မိမြို့ဖများ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံပို့ကုန်ကဏ္ဍနှင့် သွင်းကုန်ကဏ္ဍ လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးကပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များသည် နိုင်ငံဝင်ငွေရရှိရေးအတွက် အဓိကနေရာမှ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ကွင်းဆက်လုပ်ငန်းစဉ်တွင် လိုအပ်သောပစ္စည်းများနှင့် သွင်းအားစုများကို နိုင်ငံတော်ကနေ ပြည်ပမှ လစဉ်ဝယ်ယူဖြည့်တင်ပေးနေကြောင်းလည်း ဦးချစ်ဆွေကပြောသည်။

ကမ္ဘာ့ဈေးကွက်လိုအပ်ချက်နှင့်အညီ ဈေးကွက်ဝင်ထုတ်ကုန်များဖြစ်စေရေး ဈေးကောင်းရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လည်း ပြောကြားခဲ့ကြောင်း သိရသည်။

**Source: Popular News Journal**

၃-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၂၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၃၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၃.၈၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၄.၈၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၈.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၅၈ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## စားသောက်ကုန်များကို ဂျပန်နှင့်ကိုရီးယားသို့ အများဆုံးတင်ပို့နေ



မြန်မာနိုင်ငံကထုတ်လုပ်တဲ့ တန်ဖိုးမြှင့် စားသောက်ကုန်တွေကို ဂျပန်၊ ကိုရီးယားနဲ့ အာဆီယံဈေးကွက်တွေကို အများဆုံး တင်ပို့ ရောင်းချနေတယ်လို့ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက သိရပါတယ်။

လက်ရှိ မြန်မာနိုင်ငံကထုတ်လုပ်တဲ့ စားသောက်ကုန်တွေထဲက ဂျုံခေါက်ဆွဲကို အာဆီယံနိုင်ငံတွေဆီ တင်ပို့ရောင်းချနေရပြီး ဟင်းသီး ဟင်းရွက်ခြောက်၊ နှမ်းလှော်မှုန့်၊ ပျားရည်စတဲ့ စားသောက်ကုန်တွေကို ဂျပန်နဲ့ကိုရီးယားဈေးကွက်တွေဆီ တင်ပို့နေတယ်လို့ သိရပါတယ်။

သရက်သီး၊ ဒူးရင်းသီး၊ ကော်ဖီ၊ ထောပတ်သီးတို့ကထုတ်လုပ်တဲ့ တန်ဖိုးမြှင့်စားသောက်ကုန်တွေကိုလည်း ဘယ်လာရုစ် အပါအဝင် ပြည်ပနိုင်ငံဈေးကွက်တချို့ကို ချိတ်ဆက်တင်ပို့နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေကြတယ်လို့ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေကပြောပါတယ်။

ထုတ်လုပ်မှု ကုန်ကျစရိတ်တွေကိုလျှော့ချနိုင်ရင် အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ပြိုင်စွမ်းအား ပိုမိုရရှိလာနိုင်သလို စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်မဲ့ အခွင့်အလမ်းတွေရရှိလာမှာဖြစ်ပြီး ပြည်ပကိုလည်း ပို့ကုန်တွေ ပိုမိုတင်ပို့လာနိုင်မှာဖြစ်တယ်လို့ ဆိုပါတယ်။

စားသောက်ကုန်ထုတ်လုပ်ငန်းတွေရဲ့ ထုပ်ပိုးမှုတွေက ကောင်းလာပေမဲ့ ထုပ်ပိုးမှုပစ္စည်းတွေကို ပြည်ပကတင်သွင်းရတဲ့ အခက်အခဲတချို့ ရှိနေတယ်လို့လည်း သိရပါတယ်။

**https://onenewstvchannel.com**

## မိတ္ထီလာမြို့ သံပုရာသီး ဈေးနှုန်း/ ဈေးကွက်



မိတ္ထီလာမြို့မဈေးကြီးအတွင်း ရောင်းချနေသော သံပုရာသီးနှင့်သံပုယိုသီးများကို မန္တလေးနှင့်ရန်ကုန်မြို့များမှ ဝင်ရောက်လျက်ရှိပြီး ဒေသတွင်းပြန်လည်ဖြန့်ဖြူးရောင်းချ ကြောင်းသိရပါသည်။ သံပုရာသီးမှာ ဗီတာမင်(C) ကြွယ်ဝတာ ကြောင့်ကိုယ်ခံအားကို အကောင်းဆုံးအားဖြည့်ပေးနိုင် ပါသည်။ ဗီတာမင်(C)က သွေးဖြူစုဆဲလ်ထွက်ရှိမှုကို တိုးစေဖို့ ကူညီပေးပြီး ခန္ဓာကိုယ်ကိုရောဂါပိုးတွေဝင်ရောက် ကူးစက် တာမျိုးမဖြစ်အောင်အထိ ကာကွယ်ပေးပြီး ကိုယ်ခံအားကို မြှင့်တင်ပေးပါသည်။

မိတ္ထီလာဈေးကွက်အတွင်းတွင် နိုဝင်ဘာလ၊ ဒုတိယပတ်အတွင်း သံပုရာသီးဈေးနှုန်းမှာ(၁၀)လုံးလျှင် (၁၅၀၀/၂၀၀၀/ ၂၅၀၀)ကျပ်ထိရှိကြောင်း၊ သံပုယိုသီး(၁၀)လုံးလျှင် (၁၀၀၀)ကျပ်မှ (၂၀၀၀)ကျပ်ထိရှိကြောင်း သံပုရာသီး ရောင်းချသူတစ်ဦးထံမှ သိရှိရပါသည်။

**Source: DOCA(မန္တလေး)**

## နိုဝင်ဘာလ ဒုတိယပတ်ရှိ ဝါဂွမ်း ဈေးနှုန်းဈေးကွက်



မိတ္ထီလာဈေးကွက်တွင် နိုဝင်ဘာလ၊ ဒုတိယပတ်၌ ဝါဈေးနှုန်း ထပ်မံမြင့်တက်လာကြောင်း သိရသည်။ အောက်တိုဘာလမှ စတင်ဝင်ရောက်လာသော မိုးဝါမှ ဈေးကွက်သို့ဝင်ရောက်စက တစ်ပိဿာ (၃၂၀၀/၃၃၀၀) ကျပ်ဖြင့် ဝင်ရောက်ခဲ့ပြီး လက်ရှိအချိန်မှာတော့ ဈေးကွက်သို့ အဝင်များသော်လည်း ကုန်သည်များကဝါလိုအားများကာ ဈေးပိုပေးသည့်အတွက် ဈေးမြင့်လာခြင်း ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာလဆန်းက တစ်ပိဿာ(၄၅၀၀/၄၆၀၀)ကျပ်ရှိခဲ့ရာက ယခုဒုတိယပတ်တွင် တစ်ပိဿာ (၄၅၀၀/၄၇၀၀)ကျပ်ထိပေး၍ ဝယ်ယူလျက်ရှိပါသည်။ မိတ္ထီလာမြို့ပေါ်ရှိ ဝါကုန်သည်ပွဲရုံများအနေဖြင့် ဝယ်ယူရရှိသော ဝါကို မြို့ပေါ်ဝါစက်များနှင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချနေကြောင်းနှင့် ဂွမ်းဈေးမှာ မန္တလေးမြို့ရှိ ပုဂ္ဂလိကချည်မျှင်စက်များက တစ်ပိဿာ (၁၀,၅၀၀/ ၁၁,၀၀၀)ကျပ်ဖြင့် ဝယ်ယူကြောင်း ဈေးကွက်မှသိရှိရပါသည်။

**Source: DOCA(မန္တလေး)**

## မိတ္ထီလာမြို့တွင် ထန်းပင်မြစ်ရောင်းချသူများ ဈေးကောင်းရရှိ



မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့ရှိ မန်ကျီးပင်တန်း၊ အိုင်ကြီးလည်ကျေးရွာတွင် ထန်းပင်မြစ်ပျိုးထောင်စိုက်ပျိုးရောင်းချသူများထံမှ သိရပါသည်။

မန်ကျီးပင်တန်းရှိ ကျေးလက်တောင်သူများသည် ထန်းပင်မြစ်ပျိုးထောင်ခြင်းအားထန်းသီးမှည့်ချိန်ဖြစ်သည့် ဝါဆို၊ ဝါခေါင်လတို့တွင် ထန်းသီးမှည့်များကောက်ဘူစုဆောင်းပြီး မြေကျင်းများတူးဖော်ကာ ရရှိလာသောထန်းသီးမှည့်များကိုထည့်ထားပြီးနောက်တူးဖော်ဖို့လွယ်ကူစေရန်သဲမြေများဖြင့် ဖုံးထားကြကြောင်းသိရသည်။ ပျိုးထောင်ထားသော ထန်းပင်မြစ်များကို သုံးလကျော်လေးလတွင် စတင်တူးဖော်ရောင်းချကြပြီး ထန်းပင်မြစ်(၂၅)ချောင်းပါတစ်စည်းကို(၂၅၀၀)ကျပ်မှ(၃၀၀၀)ကျပ်ထိရှိကြောင်း သိရှိရပါသည်။

မိတ္ထီလာ(၈)နာရီဈေးအတွင်းတွင် နိုဝင်ဘာလဒုတိယပတ်အတွင်း ထန်းပင်မြစ်(၂၅)ချောင်းပါ တစ်စည်းကို (၂၅၀၀-၃၀၀၀)ကျပ်ထိရှိကြောင်းသိရပါသည်။ တစ်ခါဖော်လျှင် (၅၀၀၀)မှ(၈၀၀၀)ပင်ထိရရှိကြောင်း ဖောက်သည်ဈေးနှုန်းမှာ(၂၅)ပင်တစ်စည်းကို (၁၉၀၀)မှ(၂၂၀၀)ထိရှိကြောင်း ဈေးရောင်းချသူတစ်ဦးထံမှ သိရှိရပါသည်။

**Source: DOCA(မန္တလေး)**

## စားသောက်ကုန်စည်များစွာအပေါ် အကောက်ခွန်နှုန်းများအား သမ္မတထရမ့် ပြန်လည်ရုတ်သိမ်း

အမေရိကန်၌ ကုန်ဈေးနှုန်း ကြီးမြင့်လာခြင်းကြောင့် ထရမ့်အစိုးရအပေါ် ဖိအားများမြင့်တက်လာရာ ကော်ဖီ၊ ငှက်ပျော၊ အမဲသား၊ ထောပတ်သီး၊ ခရမ်းချဉ်သီး၊ အုန်းသီး၊ သရက်သီးအပါအဝင် စားသောက်ကုန် အများအပြားအပေါ် အကောက်ခွန်

အသစ်ဖြင့် ကောက်ခံမှုမှ ကင်းလွတ်ခွင့် အမိန့်ကြေငြာစာကို နိုဝင်ဘာလ ၁၄ ရက်နေ့က သမ္မတထရမ့် လက်မှတ်ရေးထိုးခဲ့သည်။

ထရမ့်က အမေရိကန်၏ ကုန်သွယ်မှုလိုငွေအတွက် အခွန်အကောက်များ လိုအပ်ကြောင်း၊ အကောက်ခွန်နှုန်း အသစ်များကြောင့် ဈေးတက်ခြင်းမဟုတ်ကြောင်း၊ အကောက်ခွန်နှုန်းမြင့်မားပါက အမေရိကန်၌ နေထိုင်သူများသည် သွင်းကုန်ထက် အမေရိကန်ထုတ်ကုန်များကိုသာ အသုံးပြုကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သို့သော် မီးဖိုချောင်သုံး ကုန်ခြောက်ပစ္စည်းများနှင့် အမဲသားဈေးတက်ခဲ့ခြင်းအပေါ် စုံစမ်းစစ်ဆေးမှုများအပြီး စားသောက်ကုန်များအတွက် အကောက်ခွန်အသစ်များအား ပြန်လည်ရုတ်သိမ်းခြင်း အမိန့်ထုတ်ပြန်ကာ ကော်ဖီဈေးနှုန်းကို ယခုနှစ်အတွင်း ၂၀ ရာခိုင်နှုန်းလျော့ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အိမ်ဖြူတော်မှ ထုတ်ပြန်ခဲ့သော အကောက်ခွန်အသစ်နှင့် မကောက်ခံမည့် စားသောက်ကုန်များတွင် ကော်ဖီ၊ ကိုကိုး၊ ဘလက်တီး၊ ဂရင်းတီး၊ ဗနီလာစေ့၊ အမဲသားထုတ်ကုန်မျိုးစုံ (လှီးပြီးသား၊ အရိုးပါ၊ အရိုးမပါ၊ အေးခဲ၊ ဆားရေစိမ်၊ အခြောက်ခံ၊ ကြပ်တိုက် အပါအဝင်)၊ သစ်သီးမျိုးစုံ ( ဘယ်ရီသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ အုန်းသီး၊ မာလကာသီး၊ သံပုယိုသီး၊ လိမ္မော်သီး၊ သရက်သီး၊ သီးမွှေး၊ နာနတ်၊ ပြေပ်ကောင်းမျိုးစုံနှင့် ခရမ်းချဉ်အပါအဝင်)၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အစေ့အဆံများ၊ ကောက်သီးနှံများ၊ သစ်ဥသစ်မြစ်များ၊ မျိုးစေ့များ၊ မုယောစပါး၊ ဘရာဇီးလ် အခွံမာသီးများ၊ ပဲတောင့်များ၊ သီဟိုဠ်စေ့၊ သစ်အယ်သီး၊ မကာဒမီးယားစေ့၊ မီဆိုပဲငပိ၊ ထန်းလျက်၊ ထင်းရှူးစေ့များ၊ ဘိန်းစေ့များ၊ ပီလောပီနံ၊ ပိန်းဥ၊ ကျွဲခေါင်းသီး စသည့် စားသောက်ကုန်အမျိုးပေါင်း ၁၀၀ ကျော် ပါဝင်ကြောင်း ဘီဘီစီသတင်းဌာနက တင်ပြထားပါသည်။

**ရင်းမြစ်။ https://www.bbc.com/**

**Commerce.gov.mm**

## Myanmar Coffee Association မှ GACC မှတ်ပုံတင်ကို အချိန်မီသက်တမ်းတိုးရန် နှိုးဆော်

အစားအစာတင်ပို့ရာတွင် လိုအပ်သည့် GACC မှတ်ပုံတင်ခွင့် စီမံခန့်ခွဲရေး သတ်မှတ်ချက်များ ပြဋ္ဌာန်းချက်များအရ GACC မှတ်ပုံတင်ခွင့်ကို အချိန်မီသက်တမ်းတိုးရန် အဆိုပါအသင်းမှ အသိပေး တိုက်တွန်းထားသည်။

သက်တမ်းတိုးရန်အတွက် ခွင့်ပြုချက်သက်တမ်းမကုန်ဆုံးမီ ၃ လမှ ၆ လ အထိ ကြိုတင် သက်တမ်းတိုးမြှင့်ရေး တင်ပြ လျှောက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ GACC မှတ်ပုံတင် သက်တမ်းကုန်လွန်နေသည့် မြန်မာနိုင်ငံမှ ကုမ္ပဏီများအနေဖြင့် သက်တမ်းတိုးမြှင့် လိုခြင်းရှိ/မရှိကို ဒီဇင်ဘာ ၇ ရက်နေ့မတိုင်မီ သက်တမ်းတိုးခွင့်အတွက် ထောက်ခံတင်ပြပေးနိုင်ရေး ဆောင်ရွက်ပေးရန် သီးနှံ ကာကွယ်ရေးဦးစီဌာနမှ အကြောင်းကြားလာကြောင်း သိရသည်။

MCA အသင်းဝင်ကုမ္ပဏီများမှ GACC မှတ်ပုံတင် သက်တမ်းတိုးမြှင့်လိုပါက အသင်းရုံး ဖုန်း – ၀၉ ၄၂၀ ၀၂၀ ၈၆၉သို့ ဒီဇင်ဘာ ၇ ရက်နေ့ နောက်ဆုံးထားဆက်သွယ်ပေးရန် အသိပေးထားသည်။

**Source: Popular News Journal**

## အမေရိကန်၏ အကောက်ခွန်ကြောင့် ဒေသတွင်း၌ ဖိအားဖြစ်ပေါ်နေစဉ် ထိုင်းဆန် တန်ချိန် ၅ သိန်း ဝယ်ယူရန် တရုတ်၏ စီစဉ်နေမှုက အချိန်ကိုက် ပို့ကုန်မြှင့်တင်ပေးခြင်းဖြစ်

အမေရိကန်၏ အကောက်ခွန်ကြောင့် ဒေသတွင်းနိုင်ငံများအပေါ် ဖိအားဖြစ်ပေါ်ချိန်တွင် တရုတ်က ထိုင်းဆန် တန်ချိန် ၅၀၀,၀၀၀ ဝယ်ယူရန် စီစဉ်နေမှုသည် နှစ်ဖက်အကျိုးရှိပြီး ဒေသတွင်းနိုင်ငံများ အတွက် ဈေးကွက်အသစ်ရရှိခြင်းနှင့်

ပို့ကုန်မြှင့်တင်ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံရေးဘောဂဗေဒ ပညာရှင် **Somjai Phagaphasvivat** က ပြောသည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ပထမသုံးလပတ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်း ၊ ဒုတိယသုံးလပတ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် တတိယသုံးလပတ်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်းသို့ ဆက်တိုက်ကျဆင်းနေရာ အကယ်၍ ကုန်သွယ်မှုနည်းလမ်းအသစ်များ မကျင့်သုံးပါက စတုတ္ထသုံးလပတ်တွင် ဂ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း၊ ထို့ကြောင့် တရုတ်၏ ဆန်ဝယ်ယူမှုသည် နှစ်ဖက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း၊ စင်ကာပူကလည်း တန်ချိန် ၁ သိန်း ဝယ်ယူမည်ဟု သိရှိရကြောင်း၊ အကယ်၍ ဝယ်ယူခဲ့ပါက ယခုနှစ် ဆန်ပို့ကုန်ရည်မှန်းချက် တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့နိုင်မည်ဖြစ်ပြီး နောင်နှစ်တွင် ဆန်တန်ချိန် ၈ သန်း တင်ပို့နိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဆန်အရောင်းအဝယ်စာချုပ်ကို ဒီဇင်ဘာလအတွင်း ဘန်ကောက်၌ပြုလုပ်မည့် မဲခေါင်-လန်ချန်း ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည့် တရုတ်ဝန်ကြီးချုပ်လီချန်း၏ ခရီးစဉ်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အစိုးရသတင်းများအရ သိရှိရသည်။ ဆက်လက်၍ Somjai Phagaphasvivat က ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နှင့် စစ်ရေးပူးပေါင်း လေ့ကျင့်မှုများ ဆောင်ရွက်နေရသလို ကုန်သွယ်မှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ၌ တရုတ် အပေါ် မှီခိုနေရသဖြင့် နှစ်ဖက်စလုံးနှင့် မျှခြေညီရန် ကြိုးစားနေရကြောင်း၊ ဆန်စာချုပ်အပြင် Khon La Khrueng Plus ပူးတွဲငွေပေးချေမှုအစီအစဉ်ကလည်း အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်မှုတိုးစေကြောင်း ပြောကြားခဲ့သည်။

ဆန်ဝယ်ယူမှုသဘောတူညီချက်အပေါ် လယ်သမားများကလည်း ကြိုဆိုခဲ့ကြပြီး ထိုင်းလယ်သမား အသင်းဥက္ကဋ္ဌ Pramote Charoensilp က ပြီးခဲ့သည့်စာချုပ်များအရ ထိုင်းအနေဖြင့် တရုတ်သို့ ဆန် တန်ချိန် ၂ သိန်း ၈ သောင်းခန့် တင်ပို့ရန် ကျန်သေးကြောင်း၊ ထပ်မံဝယ်ယူမည့် ဆန်တန်ချိန် ၅ သိန်း တွင် အဆိုပါလက်ကျန် ဆန်တန်ချိန်ကိုပါ ပါဝင်ခြင်း ရှိ/မရှိနှင့် ဝယ်ယူမည့် ဆန်အမျိုးအစားကို မသိသေးကြောင်း၊ အမှန်တကယ်ဝယ်ယူစေရန် ဆုတောင်းကြောင်း၊ ဆန်ဖြူ တစ်တန်လျှင် ဘတ် ၄,ဂဂဂ မှ ၅,ဂဂဂ ကြား၊ စံပယ်ရနံ့ဆန် တစ်ကီလိုဂရမ်လျှင် ၁၄ ဘတ် စသည့် ဈေးနှုန်းများ ရှိကြောင်း၊ တရုတ်၏ ထိုင်းဆန်ဝယ်ယူမှုကြောင့် အမေရိကန်မှ ထိုင်းပစ္စည်းများ မဝယ်တော့မည်ကို မစိုးရိမ်ကြောင်း၊ ထိုင်းစံပယ်ရနံ့ဆန်သည် အိန္ဒိယနှင့် ဗီယက်နမ် စံပယ်ရနံ့ဆန် များထက် အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသာသဖြင့် ဝယ်လိုအားကောင်းကြောင်း ပြောကြားခဲ့သည်။

အမျိုးသားဆန်စပါးမူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီက ဆန်သိုလှောင်မှု၊ နောက်ကျအရောင်းအစီအစဉ် များနှင့် ပြည်နယ်အလိုက် ကောက်ပဲသီးနှံဈေးကွက်ချဲ့ထွင်မှုနည်းလမ်းများ ချမှတ်ခဲ့သည့်အတွက် ပြည်တွင်းဆန်ဈေးနှုန်း သိသိသာသာ တက်ခဲ့ကြောင်း၊ စံပယ်ရနံ့ဆန်တစ်တန်လျှင် ဘတ်တစ်ထောင်ခန့် ဈေးတက်ခဲ့ပြီး ဆန်ဖြူတစ်တန်လျှင် ဘတ် ၄ဂဂ ခန့် ဈေးတက်ခဲ့ကြောင်း၊ နိုဝင်ဘာလ ၁ဂ ရက်နေ့ မှစ၍ နောင်နှစ်ဧပြီလအထိ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ပြည်နယ်ပေါင်း ၃၂ ခု တွင် ကောက်ပဲသီးနှံဈေးကွက်ပြပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲများကြောင့် ဆက်စပ် ပြည်နယ်များက လယ်သမားများထံ တိုက်ရိုက်ဝယ်ယူနိုင်ပြီး သယ်ယူပို့ဆောင်ရေးအခက်အခဲများ လျော့နည်းစေခြင်း၊ အရောင်းပုံစံတစ်မျိုးတိုးခြင်း၊ ဝယ်လက်မရှိသော ပြည်နယ်များမှ လယ်သမားများအတွက် တိုက်ရိုက်ဝယ်လက်များ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရနိုင်ကြောင်း ပြည်တွင်းကုန်သွယ်မှုဌာန၊ ညွှန်ကြားရေးမှူးချုပ် Wittayakorn Maneenetr က ပြောကြားခဲ့ပါသည်။

**ရင်းမြစ်။ ဘန်ကောက်ပို့စ်**

**Commerce.gov.mm**

## ကမ္ဘောဒီးယားနိုင်ငံ၏ EU နှင့် အာဆီယံသို့ ပို့ကုန်များသည် ၂၀၂၅ ခုနှစ် ပထမ ၁၀ လ အတွင်း တိုးလာ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ နိုဝင်ဘာလ ၁၈ ရက်နေ့ အစီရင်ခံစာအရ ကမ္ဘောဒီးယားသည် ၂၀၂၅ ခုနှစ် ပထမ ၁၀ လအတွင်း ဥရောပသမဂ္ဂ (EU)နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သို့ ပို့ကုန်များသည် ဂဏန်းနှစ်လုံးဖြင့် တိုးတက်ခဲ့ပါ သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဇန်နဝါရီလမှအောက်တိုဘာလ ကာလအတွင်း EU ဈေးကွက်သို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၁ ဘီလီယံ တန်ဖိုးရှိ ကုန်ပစ္စည်းများတင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၁၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့ခဲ့ရာ ယခင်နှစ် အလားတူကာလထက် ၁၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရပါသည်။

EU ဈေးကွက်သည် ၂၀၂၅ ခုနှစ် ပထမ ၁၀ လ အတွင်း ၂၅ ဒသမ ၉ ဘီလီယံ တန်ဖိုးရှိသော ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်းပို့ကုန်ပမာဏ ၁၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အာဆီယံဈေးကွက်တွင် ၁၈ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားမှ EU သို့ အဓိက တင်ပို့သည့် ပစ္စည်းများမှာ အဝတ်အထည်၊ အထည်အလိပ်၊ ဖိနပ်၊ ခရီးဆောင်ပစ္စည်း၊ အိတ်၊ စက်ဘီး၊ ကားတာယာနှင့် အီလက်ထရွန်းနစ်ပစ္စည်းအချို့အပြင် ဆန်၊ သီဟိုဠ်စေ့၊ ငှက်ပျောသီးစသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်ကြောင်း စီးပွားရေးဝန်ကြီးဌာန၏ အတွင်းဝန်နှင့်ပြောရေးဆိုခွင့်ရှိသူ Penn Sovicheat က ပြောကြားခဲ့ပါ သည်။

ကမ္ဘောဒီးယားမှ အာဆီယံသို့ အဓိကတင်ပို့သည့်ပစ္စည်းများမှာ အဝတ်အထည်၊ ဖိနပ်၊ ခရီးဆောင်ပစ္စည်း၊ အိတ်၊ ကားတာယာနှင့် အီလက်ထရွန်းနစ်ပစ္စည်းနှင့် စိုက်ပျိုးရေးထွက်ကုန်များပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source: DOCA(ရန်ကုန်)**

TIR

## STOCK EXCHANGE (3.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Dec. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,980 (Shares) | 13,380,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 127 | 1,079,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,600 | +50 | +1.41% | 3,600 | 3,600 | 3,550 | 87 | 313,150 | 38,929,150 | 140,145 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,800 | 7,900 | 7,700 | 1,078 | 8,389,800 | 10,400,986 | 80,088 |
| FPB | 00004 | 2,200 | +0 | +0.00% | 2,200 | 2,200 | 2,200 | 1,187 | 2,611,400 | 29,664,613 | 65,262 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 12,823,224 | 37,829 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 405 | 673,500 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +50 | +1.39% | 3,600 | 3,650 | 3,600 | 28 | 101,100 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,150 | 3,100 | 68 | 211,800 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 2nd Dec. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.07 | +0.68 | +0.17% | 397.79 | 398.34 | 396.76 | 2,980 | 13,380,250 | 8 | 750,828 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 3rd Dec. 2025

Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 6,362 (Shares) | 21,131,000 (MMK) |

| MYANPIX | 401.95 ▲ 3.88 |
|---|---|
| Total Volume (shares) | 6,362 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 758,146 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 2,300 | ▲ 100 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,650 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |